# အစီအစဉ်တစ်ခု ပြုလုပ်ပါ

GET READY .govt.nz

## ဒီအစီအစဉ်က ဘယ်သူ့အတွက်လဲ။

**အိမ်ထောင်စုဝင်များ**

| | |
|---|---|
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |

**တစ်စုံတစ်ယောက်တွင် အထူးလိုအပ်ချက်များ ရှိပါသလား။**

သင့်အိမ်ထောင်စုထဲက တစ်ယောက်ယောက်က ဘေးလွတ်ရာကို ပြောင်းရွှေ့ဖို့ ဒါမှမဟုတ် အရေးပေါ်အခြေအနေမှာ အိမ်မှာပိတ်မိနေချိန် အကူအညီလိုအပ်ပါသလား။ ရွေ့လျားသွားလာမှုဆိုင်ရာ စက်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းများ သို့မဟုတ် အခြားသော အထူးကိရိယာများကို မှီခိုအားထားနေရသူ ရှိပါသလား။ ဆရာဝန်ညွှန်ကြားချက်ပါ ဆေးဝါးများကို မှီခိုအားထားနေရသူ ရှိပါသလား။ ဆရာဝန်ညွှန်ကြားချက်ပါ ဆေးဝါးများကို သုံးရက် သို့မဟုတ် သုံးရက်ထက်ပို၍ လုံလောက်အောင် သိုလှောင်ထားရှိပါသလား သို့မဟုတ် လျှပ်စစ်မီး မရရှိနိုင်ပါက အစားထိုး အစီအစဉ်များ ရှိပါသလား။

# အစီအစဉ်တစ်ခု ပြုလုပ်ပါ

GET READY .govt.nz

**ကလေးငယ်များ သို့မဟုတ် နို့စို့ကလေးများ ရှိပါသလား။**

ဆိုင်များနှင့် လမ်းများ ပိတ်ထားပါက သုံးရက် သို့မဟုတ် သုံးရက်ထက်ပို၍ လုံလောက်မည့် ကလေးသေးခံ (nappies)၊ နို့မှုန့် စသည်တို့ ရှိပါသလား။ အရေးပေါ် အမြန်ထွက်ခွာရပါက ယူဆောင်သွားနိုင်ရန် အရေးပေါ်အိတ် (grab bag) ထဲတွင် အထောက်အပံ့ပစ္စည်းများ ထည့်သွင်းပြင်ဆင်ထားရှိပါသလား။

---

**အိမ်မွေးတိရစ္ဆာန်တွေ ရှိလား။**

မိမိ၏ တိရစ္ဆာန်များသည် မိမိ၏ တာဝန်သာဖြစ်သောကြောင့် အရေးပေါ်အခြေအနေ ပြင်ဆင်မှုအစီအစဉ်တွင် ၎င်းတို့ကို ထည့်သွင်းထားရန် သေချာပါစေ။ သင့်တွင် သုံးရက် သို့မဟုတ် သုံးရက်ထက်ပို၍ လုံလောက်မည့် အစားအစာနှင့် ရေ ရှိပါသလား။ ၎င်းတို့ကို သယ်ယူပို့ဆောင်ရန်နှင့် ဘေးကင်းလုံခြုံစွာ ထားရှိရန် လှောင်အိမ်များ သို့မဟုတ် သယ်ဆောင်သည့်သေတ္တာများ (carriers) ရှိပါသလား။ သင် အိမ်သို့ ပြန်မလာနိုင်ပါက သင့်တိရစ္ဆာန်များကို သွားရောက်ခေါ်ယူပြီး စောင့်ရှောက်ပေးမည့်သူ ရှိပါသလား။

# အစီအစဉ်တစ်ခု ပြုလုပ်ပါ

GET READY .govt.nz

**အကူအညီ လိုအပ်နိုင်သည့် အခြားသူများ ရှိပါသလား။**

အိမ်၌ အရေးပေါ်အခြေအနေ ကြုံတွေ့ရချိန်တွင် ကျော်ဖြတ်နိုင်ရန် သို့မဟုတ် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန် သင့်အကူအညီ လိုအပ်နိုင်သည့် သူငယ်ချင်းများ၊ မိသားစုဝင်များ သို့မဟုတ် အိမ်နီးနားချင်းများ ရှိပါသလား။

| | |
|---|---|
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |

## အသုံးဝင်သော ဆက်သွယ်ရန်အချက်အလက်များ

အရေးပေါ်အခြေအနေတွင် အမြဲတမ်း 111 ကို ခေါ်ဆိုပါ။ သင့်ဒေသတွင်းအဖွဲ့၏ အရေးပေါ်လိုင်း၊ ဆေးပေးခန်း/ဆရာဝန်၊ အိမ်ရှင်၊ အာမခံကုမ္ပဏီ၊ လျှပ်စစ်မီးကုမ္ပဏီ၊ ကလေးထိန်းကျောင်း/ကျောင်း၊ အလုပ်နှင့် မိသားစုဝင်များကို ထည့်သွင်းစဉ်းစားပါ။

| | |
|---|---|
| အမည် - အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များ | ဆက်သွယ်ရန် အသေးစိတ်အချက်အလက် - 111 |
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |

# ကျွန်ုပ်တို့ အိမ်သို့ ပြန်မလာနိုင်ပါက

**ဆုံရပ်**

အရေးပေါ်အခြေအနေ ဖြစ်ပွားချိန်တွင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်၍မရဘဲ ကွဲကွာသွားပါက မည်သည့်နေရာတွင် ဆုံတွေ့ကြမည်နည်း။ ထိုနေရာသို့ မည်သို့သွားကြမည်နည်း။

လိပ်စာနှင့် လမ်းညွှန်ချက်များကို ထည့်သွင်းပါ -

---

**ကလေးများကို မည်သူ သွားရောက်ခေါ်ယူမည်နည်း။**

အကယ်၍ သင်သည် ကျောင်း၊ ကလေးထိန်းကျောင်း သို့မဟုတ် ကျောင်းဆင်းချိန် စောင့်ရှောက်ရေးဂေဟာ စသည်တို့မှ ကလေးများကို သွားရောက်မခေါ်ယူနိုင်ပါက၊ မည်သူက သွားရောက်ခေါ်ယူမည်နည်း။ ၎င်းတို့ သိရှိထားပါသလား။ ကျောင်း / ကလေးထိန်းကျောင်းတွင် ၎င်းတို့၏ အသေးစိတ်အချက်အလက်များ ရှိပါသလား။

| | |
|---|---|
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |
| အမည်- | ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ: |

# အစီအစဉ်တစ်ခု ပြုလုပ်ပါ

GET READY .govt.nz

## ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်၍မရပါက

(ဒေသတွင်း ဖုန်းလိုင်းများ ပြတ်တောက်နေပါက ဆက်သွယ်အကြောင်းကြားရန်) မြို့ပြင်/နယ်ပြင်ရှိ မည်သူတစ်ဦးထံသို့ အခြေအနေ သတင်းပို့မည်နည်း။

အမည်-

ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ:

အမည်-

ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ:

အမည်-

ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ:

---

## ကျွန်ုပ်တို့သည် အောက်ပါနည်းလမ်းများဖြင့် နောက်ဆုံးရသတင်းများကို ရယူမည် ဖြစ်သည်

နောက်ဆုံးရ သတင်းများနှင့် သတိပေးချက်များကို မည်သို့ ရှာဖွေကြည့်ရှုမည်နည်း။ မည်သည့် ရေဒီယိုအသံလွှင့်ဌာနများကို နားထောင်မည်နည်း။ မည်သည့် ဝဘ်ဆိုက်များနှင့် လူမှုကွန်ရက်စာမျက်နှာများကို စစ်ဆေးကြည့်ရှုမည်နည်း။

ရေဒီယိုအသံလွှင့်ဌာန/ဝဘ်ဆိုက်/လူမှုကွန်ရက်ချန်နယ် -

ရေဒီယိုအသံလွှင့်ဌာန/ဝဘ်ဆိုက်/လူမှုကွန်ရက်ချန်နယ် -

ရေဒီယိုအသံလွှင့်ဌာန/ဝဘ်ဆိုက်/လူမှုကွန်ရက်ချန်နယ် -

# အစီအစဉ်တစ်ခု ပြုလုပ်ပါ

GET READY .govt.nz

## ကျွန်ုပ်တို့ အိမ်၌ပိတ်မိနေပါက

**ကျွန်ုပ်တို့တွင် အရေးပေါ်အထောက်အပံ့ပစ္စည်းများ ရှိပါသလား**

(ကလေးငယ်များနှင့် အိမ်မွေးတိရစ္ဆာန်များအပါအဝင် လူတိုင်းအတွက်) သုံးရက် သို့မဟုတ် သုံးရက်ထက်ပို၍ လုံလောက်မည့် အစားအစာနှင့် သောက်ရေ ရှိပါသလား။ ဓာတ်မီးများ၊ ရေဒီယိုနှင့် ယင်းတို့အတွက် အပိုဘက်ထရီများ ရှိပါသလား။

ရှေးဦးသူနာပြုစုခြင်း/ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ရှိပါသလား။ ၎င်းတို့ကို သေတ္တာကြီးတစ်လုံးတည်းထဲတွင် စုပြုထည့်ထားရန် မလိုသော်လည်း၊ သင်သည် ၎င်းတို့ကို အမှောင်ထဲတွင် ရှာဖွေရနိုင်ခြေရှိသည်။

ဤပစ္စည်းများကို မည်သည့်နေရာတွင် သိမ်းဆည်းထားသည်ကို အသေးစိတ် မှတ်သားထားပါ -

---

**ရေ၊ လျှပ်စစ်မီးနှင့် ဂတ်စ် (ဓာတ်ငွေ့) မီးခလုတ်များကို မည်သို့ပိတ်ရမည်ကို ကျွန်ုပ်တို့ သိပါသလား။**

ပိုက်လိုင်းယိုစိမ့်ခြင်း သို့မဟုတ် ပျက်စီးနေသည်ဟု သံသယရှိပါက သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များက ညွှန်ကြားထားမှသာ ၎င်းတို့ကို ပိတ်ပါ။ အကယ်၍ သင်သည် ဂတ်စ် (ဓာတ်ငွေ့) ကို ပိတ်လိုက်ပါက ပြန်လည်ဖွင့်ရန်အတွက် ကျွမ်းကျင်ပညာရှင် လိုအပ်လိမ့်မည်။

ရေ၊ လျှပ်စစ်မီးနှင့် ဂတ်စ်တို့ကို မည်သို့ပိတ်ရမည်ဆိုသည့် အသေးစိတ်အချက်အလက်များ -

# အစီအစဉ်တစ်ခု ပြုလုပ်ပါ

GET READY .govt.nz

## ကျွန်ုပ်တို့တွင် လျှပ်စစ်မီး မရရှိပါက

**လျှပ်စစ်မီးပြတ်တောက်သွားပါက သင် ဘာလုပ်ရန် လိုအပ်မည်နည်း။**

အစားအစာ မည်သို့ချက်ပြုတ်မည်နည်း၊ မည်သို့နွေးထွေးအောင်နေမည်နည်း၊ ညဘက်တွင် အလင်းရောင်အတွက် မည်သို့လုပ်ဆောင်မည်နည်း (ဖယောင်းတိုင်များသည် မီးဘေးအန္တရာယ်ရှိသဖြင့် မသုံးပါနှင့်)။ ATM စက်များ အလုပ်မလုပ်ပါက အသုံးပြုရန် လက်ငင်းငွေသား အပို ရှိပါသလား။ စက်သုံးဆီပန့်များ အလုပ်မလုပ်ပါက အသုံးပြုရန် လုံလောက်သော စက်သုံးဆီ ရှိပါသလား။

သင့်အိမ်ထောင်စုအနေဖြင့် ဘာလုပ်ရန် လိုအပ်သည်ကို မှတ်စုချရေးထားပါ -

---

## ကျွန်ုပ်တို့တွင် ရေမရရှိပါက

**ရေပြတ်တောက်သွားပါက သင် ဘာလုပ်ရန် လိုအပ်မည်နည်း။**

သောက်သုံးရေ လုံလောက်စွာ သိုလှောင်ထားရှိပါသလား (လူတစ်ဦးလျှင် တစ်ရက်လျှင် ၃ လီတာနှုန်းဖြင့် သုံးရက် သို့မဟုတ် သုံးရက်ထက်ပို၍)။ သင့်အိမ်မွေးတိရစ္ဆာန်များအတွက် ရေရှိပါသလား။ ချက်ပြုတ်ရန်နှင့် သန့်ရှင်းရေးလုပ်ရန်အတွက် ဘာကို အသုံးပြုမည်နည်း။ အိမ်သာအတွက် ဘာကို အသုံးပြုမည်နည်း။

သင့်အိမ်ထောင်စုအနေဖြင့် ဘာလုပ်ရန် လိုအပ်သည်ကို မှတ်စုချရေးထားပါ -

# အစီအစဉ်တစ်ခု ပြုလုပ်ပါ

GET READY
.govt.nz

## ကျွန်ုပ်တို့ အရေးပေါ်အမြန်ထွက်ခွာရပါက

**ကျွန်ုပ်တို့ တွင် အရေးပေါ်အိတ် (grab bags) များ ရှိပါသလား။**

ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရပါက အသုံးပြုရန် လူတိုင်းတွင် အရေးပေါ်အိတ်*များ ရှိပါသလား။ အိမ်၌ဖြစ်စေ၊ အလုပ်၌ဖြစ်စေ၊ ကားထဲ၌ဖြစ်စေ ရှိပါသလား။

*နွေးထွေးသောအဝတ်အစားများ၊ ဓာတ်မီး၊ ရေဒီယို၊ ရှေးဦးသူနာပြုစုခြင်းဆေးအိတ်၊ မုန့်ပဲသရေစာနှင့် ရေတို့ ပါဝင်သောအိတ်ငယ်တစ်လုံး။

ဤအရေးပေါ်အိတ်များကို မည်သည့်နေရာတွင် သိမ်းဆည်းထားသည်ကို အသေးစိတ် မှတ်သားထားပါ -

---

## ကျွန်ုပ်တို့ ဘယ်နေရာသို့ သွားကြမည်နည်း။

**ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရပါက သင် မည်သည့်နေရာသို့ သွားမည်နည်း။**

ထိုနေရာသို့ မည်သို့သွားကြမည်နည်း။ အကယ်၍ သင်သည် ကမ်းရိုးတန်းအနီးတွင် နေထိုင်ပါက ဆူနာမီဘေးလွတ်ရာ ရွှေ့ပြောင်းရေးဇုန်များ၏ အပြင်ဘက်တွင် ဖြစ်စေရန် သေချာပါစေ။ သင့်အိမ်သို့ ပြန်မသွားနိုင်ပါက မည်သည့်နေရာတွင် တည်းခိုနေထိုင်မည်နည်း။

မည်သည့်နေရာသို့ သွားမည်၊ ထိုနေရာသို့ မည်သို့သွားမည်ဆိုခြင်းကို အသေးစိတ် မှတ်စုချရေးထားပါ-